## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၅-၁၀-၂၀၂၁) ရက်နေ့ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော COVID-19 ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး COVID-19 ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်း ဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

COVID-19 သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား COVID-19 ရောဂါ ရှိမရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း အား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၄-၁၀-၂၀၂၁) ရက်နေ့ ည (၈:၀၀) နာရီမှ (၅-၁၀-၂၀၂၁) ရက်နေ့ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (**၁၈,၁၃၅**) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၅၂၆)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၈.၄) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၄,၄၁၁,၃၁၅ )ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၄၇၁,၃၀၈ ) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ ( ၁,၂၅၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၂၅,၄၄၇ )ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ(၃၆)ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၇,၉၅၇) ဦး ရှိပါသည်။

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

## (၅-၁၀-၂၀၂၁) ရက်နေ့ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၆၇၀ )ခု | (၂၈ )ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၂ )ခု | ( ၂၁)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | ( ၁,၁၆၀)ခု | (၂၅ )ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | ( ၈၆၈)ခု | (၁၀၀ )ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၃၈ )ခု | (၁၆)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၂၈ )ခု | (၃ )ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၉၉ )ခု | (၈၄ )ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | ( ၁၃,၈၉၀)ခု | (၁,၂၄၉ )ဦး |
| စုစုပေါင်း | ( ၁၈,၁၃၅)ခု | ( ၁,၅၂၆)ဦး |

## မြန်မာနိုင်ငံတွင် COVID-19 ရောဂါ တတိယလှိုင်း အတွင်းရောဂါဖြစ်ပွားမှု အခြေအနေ

## (၂၇-၅-၂၀၂၁ မှ ၄-၁၀-၂၀၂၁)



- ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ အားတက်သရော ကြိုးပမ်းဆောင်ရွက်မှု၊ ပြည်သူလူထုမှ စနစ်တကျ စည်းကမ်းလိုက်နာမှု၊ ဌာနဆိုင်ရာအသီးသီးမှ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှုနှင့် လူမှုရေးအသင်းအဖွဲ့ အစည်းများမှ တက်ကြွစွာပံ့ပိုးပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ရောဂါစောင့်ကြပ်ကြည့်ရှုရေးဆိုင်ရာ ရက်သတ္တပတ်အလိုက် သုံးသပ်ချက်များအရ ဓာတ်ခွဲ အတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းတို့မှာ တဖြည်းဖြည်း လျော့နည်း လာခဲ့ပါသည်။ ထိုသို့စနစ်တကျဆောင်ရွက်နိုင်ခြင်းနှင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းကျဆင်းလာခြင်းများကြောင့် တိုင်းဒေသကြီး/ ပြည်နယ် (၃)ခုရှိ မြို့နယ်(၆) မြို့နယ်အား နေအိမ်တွင် နေထိုင်ရေး အစီအစဉ် (Stay at Home) မြို့နယ်များအဖြစ်မှ ဖြေလျော့ပေးခဲ့ပြီး ဖြစ်ပါသည်။
- (၃-၁၀-၂၀၂၁) ရက်နေ့တွင် ဓာတ်ခွဲအတည်ပြုလူနာ (၁,၁၉၄)ဦး နှင့် (၂-၁၀-၂၀၂၁) ရက်နေ့တွင် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်း (၆.၇)ရာခိုင်နှုန်းတို့ဖြင့် အနည်းဆုံးတွေ့ရှိခဲ့သည်ဖြစ်ရာ COVID-19 ရောဂါကူးစက်ဖြစ်ပွားမှု ဆက်လက်လျော့ နည်းလာစေရေးအတွက် ပြည်သူများအနေဖြင့် မိမိတို့ကဏ္ဍ အလိုက် ရောဂါကာကွယ် ထိန်းချုပ်ရေး လုပ်ငန်းများတွင် ယခုထက် ပိုမိုပူးပေါင်း ပါဝင်ဆောင် ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- COVID-19 ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။